


# စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းဆိုင်ရာ မူဘောင်

ဧပြီ၊ ၂၀၂၀

လက်တလော ကမ္ဘာတဝှမ်းတွင် COVID-19 ကပ်ရောဂါဘေးကို တားဆီးကာကွယ်နိုင်ရေးအတွက် စာသင်ကျောင်းများ ပိတ်ထားရခြင်းသည် ကလေးငယ်များ၏ ပညာရေး၊ ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေးတို့အတွက် မကြုံစဖူးသော အန္တရာယ်တစ်ရပ်အဖြစ် ကျရောက်လျက်ရှိပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်ဇ်က လျစ်လျူရှုခံထားရသော ကလေးများ အပါအဝင် ကလေး များ အားလုံး ပညာသင်ကြားခွင့် ရရှိရေးကို ဦးစားပေး ဆောင်ရွက်ရန် အစိုးရ နှင့် အလှူရှင် အဖွဲ့အစည်းများအား မကြာခင်က တောင်းဆိုထားပြီး၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အဆင်ပြေချောမွေ့စေရေး နှင့် အဝေးရောက်သင်ယူမှု အားကောင်းစေရေး ဆောင်ရွက်ရာတွင် အစိုးရများကို ထောက်ပံ့ပေးနိုင်ရန် ကမ္ဘာလုံးဆိုင်ရာ ပညာရေး ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အားဖွဲ့စည်းခဲ့သည်။

စာသင်ကျောင်းများ ပိတ်ထားရခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားမှု အန္တရာယ်အပေါ် သက်ရောက်မှုများကို တိုင်းတာသည့် အထောက်အထား လုံလုံလောက်လောက် မရှိသေးသော်လည်း ကျောင်းများပိတ်ထားရခြင်းကြောင့် ကလေးများ၏ ဘေးကင်းလုံခြုံရေး၊ ကျန်းမာပျော်ရွှင်ရေးနှင့် သင်ယူမှုတို့အပေါ် ထိခိုက်စေသော ဆိုးကျိုးများမှာမူ အထောက်အထား လုံလုံလောက်လောက် ရှိထားပြီး ဖြစ်ပါသည်။ ပညာရေးဝန်ဆောင်မှုများ ရပ်တန့်သွားခြင်းကြောင့် စီးပွားရေးနှင့် လူမှုအသိုင်းအဝိုင်းတွင် မညီမျှမှုများ မြင့်တက်လာခြင်း၊ ကျန်းမာရေး အကျိုးရလဒ်များ ဆုတ်ယုတ်ခြင်းနှင့် လူမှုဆက်ဆံရေးတွင် စည်းလုံးညီညွတ်မှု အားနည်းလာခြင်း ကဲ့သို့သော သိသာသော ရေရှည်ဆိုးကျိုးများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ နိုင်ငံအများအပြားတွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုနှင့် ပတ်သက်သော အချက်အလက်များမှာ ပြည့်စုံခြင်း မရှိသေးရာ ဆုံးဖြတ်ချက်ချမှတ်သူများ အနေဖြင့် မပြည့်စုံသော သတင်း အချက်အလက်များနှင့် မသေချာမရေရာမှုများကို ဆက်စပ်၍သာ အကောင်းဆုံးဖြစ်မည့် သုံးသပ်အကဲဖြတ်ချက်များကို ချမှတ်ရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရများနှင့် မိတ်ဖက်အဖွဲ့များအနေဖြင့် ကလေးသူငယ်အခွင့်အရေး သဘောတူစာချုပ်တွင် ဖော်ပြပါရှိသော ကလေးတိုင်း၏ ပညာရေး၊ ကျန်းမာရေးနှင့် ဘေးကင်း လုံခြုံရေးဆိုင်ရာ အခွင့်အရေးများ ထိခိုက်မှုမရှိအောင် အကာအကွယ်ပေးရန်နှင့် ယင်းအခွင့်အရေး များကို မြှင့်တင်ပေးရန် စဉ်ဆက်မပြတ် လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။ ကလေးများ၏ အကျိုးစီးပွားကို အခြားအရာအားလုံးထက် ဦးစားပေးအဖြစ် ထားရှိကြရပါမည်။

နိုင်ငံအသီးသီးမှ ခေါင်းဆောင်များသည် ပိတ်ဆို့ထားမှုများကို ပြန်လည်ဖြေလျှော့ပေးရန် စဉ်းစားသုံးသပ်ကြရာတွင် အကျိုးကျေးဇူး ခံစားရနိုင်ခြေနှင့် အန္တရာယ်ဖြစ်ပေါ်နိုင်ခြေကြား၊ မသေချာမရေရာမှုနှင့် အခက်အခဲများကို ရင်ဆိုင် ကြုံတွေ့ကြရလျက်ရှိသည်။ ယခု ဤမူဘောင်က အလုံးစုံပြည်သူ့ကျန်းမာရေးနှင့် ပညာရေးစီမံကိန်း လုပ်ငန်းစဉ်များ၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်သော ကျောင်းများ ပြန်ဖွင့်ရမည့်အချိန် ဆုံးဖြတ်သတ်မှတ်ရေး လုပ်ငန်းစဉ်အတွက် လိုအပ်သော အချက်အလက်များပေးရန်၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကြိုတင်ပြင်ဆင်ခြင်းကို ပံ့ပိုးပေးရန်နှင့် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်ကို လမ်းညွှန်ပေးရန် ဖြစ်ပါသည်။ သို့ရာတွင် ကလေးတစ်ဦးစီ၏ သင်ယူလေ့လာမှု၊ ကျန်းမာရေးနှင့် လုံခြုံရေး လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိစေရန်နှင့် ဒေသတွင်း အခြေအနေများနှင့် လိုက်လျောညီထွေ ဖြစ်စေရန်အတွက် အခြေအနေအလိုက် ကိုက်ညီအောင် လုပ်ဆောင်ရန်နှင့် စဉ်ဆက်မပြတ် ပြင်ဆင်မွမ်းမံခြင်းများ လုပ်ဆောင်ရန်မှု လိုအပ်မည်ဖြစ်ပါသည်။

## အဘယ်ကြောင့်ကျောင်းများပြန်ဖွင့်ရန်လိုအပ်ရသနည်း။

စာသင်ခန်းအတွင်း သင်ကြားပို့ချမှု အချိန်များကို ခတ္တရပ်ဆိုင်းထားရခြင်းက ကလေးများ၏ သင်ယူလေ့လာနိုင်စွမ်း အပေါ်တွင် ပြင်းထန်သောသက်ရောက်မှု ဖြစ်စေနိုင်ပါသည်။ အလေးဂရုပြုမခံရသော ကလေးများ ကျောင်းပြင်ပတွင် နေရသည့် အချိန်ကြာမြင့်လေလေ၊ ၎င်းတို့ကျောင်းသို့ ပြန်လာနိုင်ခြေလည်း နည်းလေလေ ဖြစ်ပါသည်။ မူလကပင် အဆင်းရဲဆုံး အိမ်ထောင်စုများမှ ကလေးများ မူလတန်း အဆင့်မှာပင် ကျောင်းထွက်နိုင်ခြေမှာ အချမ်းသာဆုံး အိမ်ထောင်စုများမှ ကလေးများထက် ၅ဆနီးပါးအထိ ရှိထားပြီး ဖြစ်သည်။ ကျောင်းထွက်ခြင်းမှ တစ်ဆင့် ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရခြင်း၊ အရွယ်မရောက်မီ အိမ်ထောင်ပြုခြင်း၊ အကြမ်းဖက်မှု နှင့် အခြား ခြိမ်းခြောက်မှု အန္တရာယ်များကိုလည်း မြင့်တက်စေနိုင်ပါသည်။ ထို့ပြင် ကျောင်းများ ကာလရှည် ပိတ်ထားရခြင်းကြောင့် အရေးပါသော ကျောင်း အခြေပြု ဝန်ဆောင်မှုများ ဖြစ်သော

ကာကွယ်ဆေးထိုးနှံခြင်း၊ ကျောင်းတွင်း အစားအသောက် ကျွေးမွေးခြင်း၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကိုလည်း ရပ်ဆိုင်းထားရပြီး၊ အချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် နေ့စဉ် ဘဝနေထိုင်မှုပုံစံ ပျက်ခြင်းတို့ကြောင့် စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုများကိုလည်း ဖြစ်ပေါ်စေဦးမည်ဖြစ်ပါသည်။ ပဋိပက္ခများနှင့် အခြားကာလရှည် အကျပ်အတည်းများ ဖြစ်ပွားတည်ရှိရာ နိုင်ငံများတွင် နေထိုင်သော ကလေးများ၊ ရွှေ့ပြောင်းအခြေချသူများ၊ မိမိတို့ နေထိုင်ရာအရပ်မှ ဖိအားပေးမောင်းထုတ်ခံရသူများ၊ လူနည်းစုတိုင်းရင်းသားများ၊ မသန်စွမ်း ကလေးငယ်များနှင့် မိဘမဲ့ကလေးများကဲ့သို့သော အလေးဂရုပြုခံရခြင်း မရှိသည့် ကလေးများသည် ထိုအနှုတ်လက္ခဏာဆောင်သော သက်ရောက်မှုများ၏ ဒဏ်ကို ပို၍ပင် သိသိသာသာ ပြင်းထန်စွာ ခံစားကြရမည် ဖြစ်ပါသည်။ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသားများ၊ ကျောင်းဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ကာကွယ်ပေးရန် ဆောင်ရွက်ရမည့် အစီအမံများအားလုံးနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီ အလိုက် COVID-19 ကာကွယ်ရေး တုံ့ပြန် ဆောင်ရွက်မှုများနှင့် အညီ ဘေးကင်းလုံခြုံမှု ရှိစေရမည်။

## မည်သည့်အချိန်တွင် မည်သည့်နေရာမှ မည်သည့်ကျောင်းများ ဖွင့်လှစ်မည်နည်း။

ကျောင်းများ ပြန်လည်ဖွင့်လှစ်မည့် အချိန်သည် ကလေးများ၏ အကျိုးစီးပွားနှင့် အလုံးစုံပြည်သူ့ကျန်းမာရေး တို့အတွက် အကောင်းဆုံးဖြစ်စေမည့် အကြံပြုသုံးသပ်ချက်များနှင့်အညီ ဖြစ်ရပါမည်။ ဖြစ်နိုင်ဖွယ်ရှိသော အကျိုးကျေးဇူးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စစ်ဆေးအကဲဖြတ်ချက်တစ်ရပ်ပေါ် အခြေခံရပါမည်။ ပညာရေး၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှု-စီးပွားဆိုင်ရာ သက်ရောက်မှုများအပါအဝင် ကဏ္ဍပေါင်းစုံနှင့် ဒေသဆိုင်ရာ အထောက်အထားများနှင့် အညီ ဆုံးဖြတ်ရမည်။ ဤလေ့လာဆန်းစစ်မှုသည် အန္တရာယ်ဖြစ်နိုင်ခြေလျှော့ချမှု အစီအမံများကို ဦးစားပေး ဆောင်ရွက်နိုင်စေရန်လည်း အကူအညီပေးမည် ဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင်လည်း ဒေသအလိုက် ဦးဆောင်သူများနှင့် ဆွေးနွေးတိုင်ပင်ပြီး အတူတကွ ချမှတ်ရပါမည်။ သို့မှသာ လုပ်ဆောင်ချက်များသည်လည်း ဒေသတွင်း အခြေအနေ တစ်ခုစီအလိုက် လေ့လာဆန်းစစ်မှုတစ်ရပ်အပေါ်တွင် အခြေခံသော လုပ်ဆောင်ချက်များ ဖြစ်လိမ့်မည် ဖြစ်ပါသည်။

ပြန်လည်ဖွင့်လှစ်ရေး ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် နိုင်ငံများအနေဖြင့် ကပ်ရောဂါ ဘေးနှင့် ကျောင်းများ ပိတ်ထားခြင်း အပေါ်တွင် ကျောင်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုအသိုင်းအဝိုင်းများက မည်ကဲ့သို့ တုံ့ပြန် ဆောင်ရွက်ကြသနည်း ဆိုသည်နှင့် ပတ်သက်၍ ဝေဖန်ပိုင်းခြားမှု ပါဝင်သော သတင်းအချက်အလက်များ အလျင်အမြန် စုဆောင်းရန် လိုအပ်မည် ဖြစ်ပါသည်။ ကျောင်းများနှင့် ဒေသတွင်းခေါင်းဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများကို အလျင်အမြန် တုံ့ပြန်မှု စစ်တမ်းများ ကောက်ယူခြင်းက ထိုသတင်းအချက်အလက်များ ရရှိအောင် ကူညီပေးနိုင် ပါသည်။ ထို့နောက်တွင် ဆုံးဖြတ်ချက် ချမှတ်သူများအနေဖြင့် ဒေသအလိုက် သင်ယူလေ့လာမှု နှင့် ကျန်းမာပျော်ရွှင်ရေးတို့ကို မည်ကဲ့သို့ အကောင်းဆုံး ပံ့ပိုးပေးနိုင်မည်နည်း ဆိုသည်ကို ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်း နှင့် ဆက်စပ်ပြီး ကျရောက်လာနိုင်သော ဘေးအန္တရာယ်များနှင့် နှိုင်းယှဉ်ချိန်ထိုးကာ အကဲဖြတ်ရပါမည်။ ထိုသို့အကဲဖြတ်ရာတွင် စာသင်ခန်းအခြေပြု သင်ကြားခြင်းနှင့် အဝေးရောက် သင်ကြားခြင်းတို့၏ အကျိုးကျေးဇူးများကို အပြန်အလှန် အထူးသုံးသပ် ဆင်ခြင်ရမည်ဖြစ်သလို ကျောင်းတက်ရာမှ ရောဂါပိုးကူးစက်နိုင်ခြေနှင့် စပ်လျဉ်းသော ပြည့်စုံမှုမရှိသည့် အထောက်အထားများကိုလည်း ထည့်သွင်းတွက်ချက်ရမည် ဖြစ်ပါသည်။

- ကလေးငယ်များတွင် ဆော့ကစားခြင်းအခြေပြု လေ့လာသင်ယူခြင်းနှင့် အခြေခံကျွမ်းကျင်မှု အရည်အချင်းများ ရရှိရန် ဆရာများနှင့် တိုက်ရိုက်ထိတွေ့မှု အရေးပါသကဲ့သို့ သက်ဆိုင်ရာ သင်ယူမှုရလဒ်များ (အခြေခံ၊ လွှဲပြောင်းနိုင်သော၊ ဒီဂျစ်တယ်၊ လုပ်ငန်းအလိုက် ကျွမ်းကျင်မှု) တို့ကိုရရှိစေရန် စာသင်ခန်းအတွင်း သင်ကြားခြင်းက မည်မျှအထိ မဖြစ်မနေ အရေးပါသနည်း။
- မည်မျှ အရည်အသွေး မြင့်မားသော အဝေးရောက် သင်ယူလေ့လာမှု မျိုးကို ပေးစွမ်းနိုင်မည်နည်း။ (သက်ဆိုင်ရာ သင်ယူမှုရလဒ်များ၊ အသက်အရွယ်အုပ်စု အလိုက်နှင့် အလေးဂရုပြုခံရမှုမရှိသော အုပ်စုများအတွက်)
- သင်ယူလေ့လာမှု ပြီးမြောက်အောင်မြင်မှုများနှင့် လူမှု-စိတ်ခံစားမှု ကောင်းမွန် ပျော်ရွှင်မှု၊ ပြုစုစောင့်ရှောက်သူများအပေါ် အိမ်တွင်းစိတ်ဖိစီးမှု ဖြစ်ပေါ်စေမှုနှင့် အခြား သီးခြားဆက်စပ် အကြောင်းအရာအလိုက် ထည့်သွင်း စဉ်းစားရမည့် အချက်များအပါအဝင် လက်ရှိ အဝေးရောက် သင်ယူလေ့လာရေး ချဉ်းကပ်မှု နည်းလမ်းက မည်မျှကြာကြာ ရေရှည် ခံနိုင်မည်နည်း။
- အွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့် သင်ယူစဉ်တွင် ကြုံတွေ့ရနိုင်သော ကျား/မ အခြေပြု အွန်လိုင်းအကြမ်းဖက်နှင့် အွန်လိုင်း ထိပါးနှောင့်ယှက်မှုများမှ ကလေးများကို ကာကွယ်ရန် အတွက် ပြုစုစောင့်ရှောက်သူများတွင် လိုအပ်သော ကိရိယာများ ရှိပါသလား။
- ကပ်ရောဂါဘေးနှင့် ယင်းကို တုံ့ပြန်ဆောင်ရွက်နေသည့် သင်ယူလေ့လာမှု ခရီး တစ်လျှောက်တွင် အဓိက အဆင့်ကူးပြောင်းမှုဆိုင်ရာ (ကျောင်းတက်ရန် အသင့်ဖြစ်မှု၊ မူလတန်းပြီးဆုံးခြင်းနှင့် အဆင့်ကူးပြောင်းခြင်း၊ အလယ်တန်း၊အထက်တန်း ပြီးဆုံးခြင်းနှင့် တက္ကသိုလ်အဆင့်သို့ ကူးပြောင်းခြင်း) စစ်ဆေးမှုများ မည်ကဲ့သို့ရှိသနည်း။
- မတူညီသော စီမံအုပ်ချုပ်မှုနှင့် သင်ယူလေ့လာမှု နည်းလမ်းများအတိုင်း လိုက်လျောညီထွေ လုပ်ဆောင်နိုင်ရန်အတွက် ဆရာ၊ ဆရာမများနှင့် ပညာရေး စီမံအုပ်ချုပ်သူများသည် မည်မျှအထိ အဆင်သင့် ရှိကြပါသနည်း။ ၎င်းတို့သည် ရောဂါပိုးကူးစက်မှု ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အစီအမံများကို အကောင် အထည်ဖော်နိုင်စွမ်းနှင့် အဆင့်သင့်ဖြစ်မှု ရှိပါသလား။
- အိမ်တွင်းအကြမ်းဖက်မှုနှင့် မိန်းကလေးများနှင့် ယောက်ျားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ မြင့်တက်နိုင်ခြေကဲ့သို့သော ကလေးများ ကျောင်းမတက်ရခြင်းနှင့် ဆက်စပ်သည့် အန္တရာယ်ဖြစ်ပေါ်နိုင်ခြေများ ရှိပါသလား။
- ကျောင်းများပိတ်ထားခြင်းက ကျောင်းကျန်းမာရေးနှင့် အာဟာရဖြည့်ဆည်းမှု လုပ်ငန်းများ ကဲ့သို့သော ကျောင်းများကပေးအပ်သည့် အခြားထောက်ပံ့ရေး ဝန်ဆောင်မှုများနှင့် ညှိနှိုင်းခြင်း ရှိပါသလား။
- ကလေးများ ကျောင်းမတက်ခြင်းကြောင့် လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာ ပျော်ရွှင်ရေး တို့အပေါ်တွင် မည်ကဲ့သို့သော သက်ရောက်မှုများ ဖြစ်ပေါ်သနည်း။


- လူမှုဘဝတွင် ခပ်ခွာခွာနေခြင်း (ဥပမာ - ကျောင်းသားအရေအတွက်နှင့် စာသင်ခန်း အရွယ်အစား အချိုးအစား)၊ ရေပေးဝေမှု၊ မိလ္လာစနစ်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အထောက်အကူပြု ဝန်ဆောင်မှုများနှင့် လုပ်ထုံးလုပ်နည်းများတို့ကဲ့သို့သော အန္တရာယ်ဖြစ်ပေါ်နိုင်ခြေ လျှော့ချရေး အစီအမံများနှင့်အညီ ဘေးအန္တရာယ်ကင်းသော ကျောင်းတွင်း လုပ်ငန်း ဆောင်ရွက်မှုများ ဖြစ်စေရန် ကျောင်းဘက်မှ မည်မျှအထိ လိုက်နာလုပ်ဆောင် နိုင်မည်နည်း။
- ကျောင်းလူဦးရေနှင့် အန္တရာယ်ဖြစ်နိုင်ခြေ မြင့်မားသော အုပ်စုများ (ဥပမာ - သက်ကြီးရွယ်အိုများနှင့် နာတာရှည် ရောဂါ ခံစားနေရသူများ) နှင့် ထိတွေ့မှု အဆင့်မှာ မည်သို့ရှိသနည်း။ အကယ်၍ ထိတွေ့မှုအဆင့်မှာ မြင့်မားနေပါက လုံလောက်သော အန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေး ဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်ပါမည်လား။
- ကျောင်းရှိလူဦးရေသည် ကျောင်းသို့ မည်သို့ သွားကြသနည်း၊ ကျောင်းမှ မည်သို့ ပြန်လာကြသနည်း။
- ရောဂါထိန်းချုပ်ရေးဆိုင်ရာ အချက်အလက်များ၊ ပြည်သူ့ကျန်းမာရေးနှင့် ကျန်းမာရေး စောင့်ရှောက်နိုင်စွမ်း၊ လူဦးရေသိပ်သည်းမှုနှင့် လူမှုဘဝတွင် ခပ်ခွာခွာနေခြင်းနှင့် ကောင်းမွန်သော တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အထများကို လိုက်နာနိုင်မှုများကို ထည့်သွင်း စဉ်းစားလျှက် လူမှုအသိုင်းအဝိုင်းနှင့် ဆက်စပ်သော အန္တရာယ် ဖြစ်ပေါ်နိုင်ခြေများမှာ အဘယ်နည်း။

---

နယ်မြေဒေသအလိုက် အကျိုးကျေးဇူး ရှိနိုင်ခြေနှင့် အန္တရာယ် ဖြစ်နိုင်ခြေတို့ကို လေ့လာဆန်းစစ်ခြင်းအားဖြင့် ကျောင်းများ (သို့မဟုတ် ကျောင်းများ၏ တစိတ်တဒေသ) ပြန်ဖွင့်ရန် ဦးစားပေးအစီအစဉ်ချမှတ်ခြင်း၊ ကျောင်းများနှင့် လူမှုအသိုင်းအဝိုင်းများအတွင်း အန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေး အစီအမံများ ဆောင်ရွက်ရာတွင် ဦးစားပေး အစီအစဉ်ချမှတ်ခြင်းနှင့် အဝေးရောက် သင်ယူမှုအတွက် အဓိကထားရမည့် နယ်ပယ်များ သတ်မှတ်ခြင်း တို့ကို လုပ်ဆောင်နိုင်စေမည် ဖြစ်ပါသည်။

## ကျောင်းများမည်ကဲ့သို့ပြန်လည်ဖွင့်လှစ်မည်နည်း

ပြန်လည်ဖွင့်လှစ်ရန် ကျောင်းများ ရွေးချယ် သတ်မှတ်ပြီးသည့် အခါတွင် ထိုကျောင်းများ၏ ပြန်လည်ဖွင့်လှစ်ရန် အသင့်ဖြစ်မှုကို အကဲဖြတ်ရန် အဓိက ကဏ္ဍ ၆ရပ်ကို အသုံးပြုနိုင်ပြီး၊ မူဝါဒ၊ ဘဏ္ဍာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများ၊ သင်ကြားသင်ယူမှု၊ ဂရုပြုခံရမှု အနည်းဆုံး ကလေးငယ်များထံ ရောက်ရှိနိုင်မှုနှင့် ကျန်းမာပျော်ရွှင်ရေး/ အကာအကွယ်ပေးခြင်း စသည့် သတင်းအချက်အလက်များ ရယူရမည်။ မူဝါဒပိုင်း ဆင်ခြင်သုံးသပ်မှုနှင့် ဘဏ္ဍာရေးလိုအပ်ချက်များ ပြည့်စုံပါက ကျန်ရှိသည့် တိုင်းတာမှု ၄ ရပ်နှင့်လည်း ပြည့်မီသည့် ပတ်ဝန်းကျင်တစ်ရပ် ကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။




ဒေသတွင်း လိုအပ်ချက်၊ အခြေအနေများနှင့် ကိုက်ညီမှုရှိစေရန်အတွက် နောက်ခံ ဆက်စပ်အခြေအနေများကို ထည့်သွင်း သုံးသပ်ရန်နှင့် လိုက်လျော ညီထွေ ဆောင်ရွက်ရန် တို့မှာ အလွန်တရာ အရေးကြီးလှပါသည်။ အထူးသဖြင့် အမျိုးမျိုးသော အားနည်းချက်များ (လူဦးရေထူထပ်ခြင်း၊ ရေရရှိမှုနည်းပါးခြင်း၊ ပဋိပက္ခများဖြစ်ပွားနေခြင်း) ရှိနေသော နောက်ခံအခြေအနေ မျိုးတွင် နောက်ခံ ဆက်စပ်အခြေအနေများကို ထည့်သွင်းသုံးသပ်ရန်နှင့် လိုက်လျောညီထွေ ဆောင်ရွက်ရန် ပို၍ပင် အရေးကြီးပါသည်။ လေ့လာဆန်းစစ်မှု ပြုလုပ်ရာတွင် ကပ်ဘေး ကာလ မတိုင်မီ အခြေအနေများနှင့် မတူညီစွာ ဆောင်ရွက်ရမည်ဖြစ်သည်။ အရင်းအမြစ် ရရှိနိုင်မှု နည်းပါးသော ကန့်သတ်ချက်များနှင့် လက်ရှိ ရည်မှန်းချက်များ ဖြစ်သည့် သင်ကြား၊ သင်ယူမှု နှင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်မှု တိုးတက်ရေး နှစ်ခုစလုံးအား ထည့်သွင်းကာ သုံးသပ် ကြည့်ရပါမည်။ ထို့အတူ တုံ့ပြန်ဆောင်ရွက် မှုသည်လည်း သင်ယူမှုရလဒ်များ တိုးတက်ရေး၊ ပညာရေး သာတူညီမျှရရှိမှု မြင့်တက်ရေး၊ ကလေးများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး အကာအကွယ်များ အားကောင်းရေး တို့အတွက် အထောက်အကူ တစ်ရပ် ဖြစ်ရပါမည်။

| | မဖွင့်လှစ်မီဆောင်ရွက်ရန် | ပြန်လည်ဖွင့်လှစ်မှုလုပ်ငန်းစဉ် | ကျောင်းများဖွင့်လှစ်ပြီးနောက် |
| --- | --- | --- | --- |
| | အဝေးရောက်သင်ကြားမှုအလေ့အထများ အားကောင်းရေး အပါအဝင် ဘေး အန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများ အဓိကထားမှုနှင့် ကျောင်း တက်ရောက်မှု မြင့်တက်လာရန် လိုအပ်သော အရေးကြီးသော မူဝါဒ များ၊ လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေး အစီအမံများကိုပြင်ဆင်ပါ။ | ကျောင်းထွက်ထားသည့်ကလေးများနှင့် ဂရုပြုခံရခြင်း မရှိသော ကလေးများ ပြန်လည်ပါဝင်လာစေရန် ကြိုတင် စီမံသည့် နည်းလမ်းများကို ချမှတ်ပါ။ အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချရန် နှင့် ဆုံးရှုံးထားသော သင်ကြားပြသချိန် များ အစား ပြန်လည်ရရှိစေမည့် ပညာရေး ဖြစ်အောင်အာရုံစိုက်နိုင်ရန် ရေ၊ ရေသန့် ပေးဝေမှုနှင့် မိလ္လာစနစ်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး လုပ်ငန်းများ တွင် ရင်းနှီးမြှုပ်နှံပါ။ | ကျန်းမာရေးညွှန်းကိန်းများအပေါ် မျက်ခြေ မပြတ်စောင့်ကြည့်ပြီး ကျန်းမာပျော်ရွှင်ရေး နှင့် အကာအကွယ်ပေးရေးတို့ကို ပိုမို အလေးထားဆောင်ရွက်ပါ။ သင်ကြားရေး ကို ပိုမိုအားကောင်းစေပြီး ရောဂါကူးစက် ပျံ့နှံ့မှုနှင့် ကာကွယ်ခြင်းဆိုင်ရာ ဗဟုသုတ များအပါအဝင် ပေါင်းစပ်သင်ကြား၊ သင်ယူမှုအတွက် အဝေးရောက်ပညာရေးကို အကောင်အထည်ဖော်ချမှတ်ပါ။ |
| ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ | ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်စေမည့် ရှင်းလင်းသော နိုင်ငံတော်အဆင့် သတ်မှတ်ချက်ဘောင် လမ်းညွှန်ချက်ကို ထုတ်ပြန်ပါ။ယင်းသတ်မှတ်ချက်ဘောင်များသည် ဒေသတွင်း အန္တရာယ်ရှိနိုင်ခြေ အနိမ့်ဆုံး နှင့်ကူးစက်ပြန့်ပွားမှုအနည်းဆုံး ဒေသ များမှ စတင် ရမည်ဖြစ်ပြီး အဆင့်ဆင့် တိုးချဲ့သတ်မှတ်သွားသော သတ်မှတ် ချက်ဘောင်များ ဖြစ်ရပါမည်။<br><br>ကျောင်းများဖွင့်လှစ်ခြင်းကို အဆင့်ဆင့် ဖွင့်လှစ်သည့်ပုံစံမျိုးလည်း လုပ်ဆောင် နိုင်ပါသည်။ ဥပမာ - ကနဦးတွင် တစ်ပတ်လျှင် ရက်အနည်းငယ်ခန့်သာ ဖွင့်လှစ် ခြင်း၊ သို့မဟုတ် အတန်း/အဆင့် အလိုက် ဖွင့်လှစ်ခြင်းမျိုးဖြစ်ပါသည်။ နိုင်ငံအဆင့် မူဝါဒများသည် နိုင်ငံအတွင်း ဒေသ အလိုက် အကဲဖြတ်ခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့အတွက် ရှင်းလင်းသေချာ သော လမ်းညွှန်ချက်များပေးနိုင်ရပါမည်။ | ပညာရေးအာဏာပိုင်များသည် ပညာရေး ဆိုင်ရာအရေးကိစ္စများနှင့်ပတ်သက်ပြီး ကလေးများ၊ မိဘများ၊ လူမှု အသိုင်းအဝိုင်းများနှင့်ပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းအပြန်အလှန်ဆွေးနွေးမှုတို့ကို အားပေးမြှင့်တင်သော နည်းလမ်း များနှင့် ဆက်ဆံရေးတို့ကို အားကောင်းအောင် လုပ်ဆောင်ရပါမည်။ | လူမှုအသိုင်းအဝိုင်းအတွင်း ရောဂါ ကူးစက်မှုပြန်လည်မြင့်တက်လာခြင်း ကြောင့် လိုအပ်ချက်အရ ကျောင်းများ ပြန်ပိတ်ခြင်းနှင့် တဖန်ပြန်လည်ဖွင့်လှစ် ခြင်းတို့အတွက် ဆုံးဖြတ်ချက်ချမှတ်ရန် မှုပုံစံတစ်ရပ်ကို ဖော်ဆောင်ပါ။ |

| | မဖွင့်လှစ်မီဆောင်ရွက်ရန် | ပြန်လည်ဖွင့်လှစ်မှုလုပ်ငန်းစဉ် | ကျောင်းများဖွင့်လှစ်ပြီးနောက် |
|---|---|---|---|
| ဘေးအန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများ | လူအများ စုဝေးရန် လိုအပ်သော လုပ်ငန်းများကို ကန့်သတ်ခြင်း၊ ကျောင်းတက်၊ ကျောင်းဆင်းချိန် တို့ တစ်ထပ်တည်း မကျအောင် အချိန် ဇယား ပြင်ဆင်ရေးဆွဲခြင်း၊ နေ့လည်စာ စားသောက်သည့် အချိန်များ မတိုက်အောင် အချိန်ဇယားရေးဆွဲခြင်း၊ စာသင်ခန်း များကို ယာယီအားဖြင့် နေရာလွတ်များ (သို့) ပြင်ပသို့ ပြောင်းရွှေ့ ခြင်းနှင့် စာသင်ခန်း အရွယ်အစားကိုလျှော့ချရန်ကျောင်းချိန် ကို အလှည့်ကျအဖြစ် သတ်မှတ်ခြင်းတို့ အပါအဝင် လူတစ်ဦးနှင့်တစ်ဦး အနီးကပ် မထိတွေ့စေရေးအတွက် ရှင်းလင်း၍ နားလည်ရလွယ်ကူသော လုပ်ထုံးလုပ်နည်းများဖော်ဆောင်ပါ။ | ကျောင်းအတွင်း ဘေးကင်းသန့်ရှင်းသော ရေ၊ လက်ဆေးရန်နေရာများ၊ သန့်ရှင်းရေးပစ္စည်းများ ထားရှိမှုတို့ကို တိုးမြှင့်ပြီး ဖြစ်နိုင်မည်ဆိုပါက ဓမ္မတာလာခြင်းဆိုင်ရာ တစ်ကိုယ်ရေ သန့်ရှင်းရေး ဆောင်ရွက်ရန်အတွက် ထောက်ပံ့မှုများအပါအဝင် ကျား/မသီးခြား ရေအိမ်များ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်းတို့ကိုလည်း လုပ်ဆောင်ပါ။ | |
| | လက်ဆေးခြင်း၊ ချောင်းဆိုးခြင်း ကဲ့သို့သော အသက်ရှူ လမ်းကြောင်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ၊ အကာအကွယ်ပစ္စည်းများ အသုံးပြုခြင်း၊ အဆောက်အဦ သန့်ရှင်းရေးလုပ်ငန်း အစီအစဉ်များနှင့် အစားအသောက်များ ပြင်ဆင်ရာတွင်ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ဆောင်မှုများ အပါအဝင် တစ်ကိုယ်ရေသန့်ရှင်းရေး အစီအမံများနှင့် ပတ်သက်ပြီး အသေးစိတ် သတ်မှတ်ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများ ဖော်ဆောင်ပါ။ | ကျောင်းရှိ စီမံရေးရာဝန်ထမ်းများနှင့် ဆရာ၊ဆရာမများအား လူချင်း ခပ်ခွာခွာ နေထိုင်ခြင်းနှင့် ကျောင်းတွင် တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ထုံး လုပ်နည်းများနှင့်ပတ်သက်ပြီး လေ့ကျင့် သင်ကြားပေးပါ။ လိုအပ်ပါက ကျောင်းတွင် ဝန်ထမ်းအင်အားတိုးချဲ့ပါ။ သန့်ရှင်းရေးဝန်ထမ်းများကိုလည်း ရောဂါကူးစက်မခံရစေရန်လေ့ကျင့် သင်ကြားပေးပြီး တစ်ကိုယ်ရည်သုံး ကာကွယ်ရေးဝတ်စုံများ တတ်နိုင်သမျှ များများ ထောက်ပံ့ပေးပါ။ | သန့်ရှင်းရေးနှင့် ပိုးသတ်ဆေးဖြန်းခြင်း လုပ်ငန်းများ လုပ်ဆောင်သည့် အတိုင်းအတာနှင့် အကြိမ်အရေအတွက် များပြားလာစေရန် အမူအကျင့် ပြောင်းလဲမှုကို အာရုံစိုက် လုပ်ဆောင်ပါ။အညစ်အကြေး စွန့်ပစ် မှု လုပ်ထုံးလုပ်နည်းများ တိုးတက် အောင်ဆောင်ရွက်ပါ။ |
| | ကျန်းမာရေးအရ ကျောင်းပျက်ခြင်းကို ထည့်သွင်းစဉ်းစားရန်နှင့် အဝေးရောက်နှင့် ပေါင်းစပ်သင်ကြားခြင်းတို့ကို ပံ့ပိုး ပေးရန်တို့အတွက် ဆရာသမဂ္ဂများ နှင့်အတူ ကျောင်းတက်ချိန်မူဝါဒများနှင့် ဝန်ထမ်းရေးရာတို့ကို ပြန်လည် ပြင်ဆင် သတ်မှတ်ပါ။ | ကျောင်းစီမံအုပ်ချုပ်သူများအား ကျောင်းသားများ (သို့) ဝန်ထမ်းများ နေထိုင်မကောင်းပါက လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ် များကို ရှင်းရှင်း လင်းလင်း လမ်းညွှန်ထားပါ။ လမ်းညွှန်ချက်တွင် ကျောင်းသား များနှင့် ဝန်ထမ်းများ၏ ကျန်းမာရေး | |

| | မဖွင့်လှစ်မီဆောင်ရွက်ရန် | ပြန်လည်ဖွင့်လှစ်မှုလုပ်ငန်းစဉ် | ကျောင်းများဖွင့်လှစ်ပြီးနောက် |
|---|---|---|---|
| ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ | မူဝါဒများသည် အသက်အရွယ်အရ(သို့) ကျန်းမာရေးအခြေအနေအရ အန္တရာယ် ဖြစ်နိုင်ခြေမြင့်မားသော ကျောင်း ဝန်ထမ်းများ၊ ဆရာ၊ ဆရာမ များနှင့် ကျောင်းသားများကို အကာ အကွယ် ပေးရမည် ဖြစ်ပြီး ကျောင်းပျက်သော ဆရာ၊ဆရာမများအတွက်နှင့် ကျောင်းသို့မလာနိုင်သော ကျောင်းသား များအား အဝေးရောက်ပညာရေးဖြင့် ဆက်လက်ပံ့ပိုးပေးရန်၊ လူတစ်ဦးချင်း အလိုက် အခြေအနေများကို တတ်နိုင် သမျှ ထည့်သွင်းစဉ်းစားပေးရန် အစီအစဉ်များ ပါဝင်ရမည် ဖြစ်ပါသည်။ | အခြေအနေကိုစောင့်ကြပ်ကြည့်ရှုခြင်း၊ ဒေသတွင်း ကျန်းမာရေးအာဏာပိုင်များနှင့် ပုံမှန်ဆက်သွယ်မှုပြုခြင်း၊ အရေးပေါ် အစီအစမံများနှင့် ဆက်သွယ်ရန် စာရင်းများကို ပြုစုထားခြင်းတို့ပါဝင်သည်။<br><br>ကျောင်းများတွင် ဖျားနာသော ကျောင်းသားများနှင့် ဝန်ထမ်းများကို သိမ်ငယ်ခြင်းမရှိစေရန် ယာယီ သီးခြားခွဲထားနိုင်သော နေရာများ ရှိရပါမည်။ ဖျားနာသော ကျောင်းသား များနှင့် ဝန်ထမ်းများအားလုံးကို အိမ်မှာသာ နေရန် အကြံပြုခြင်း အပါအဝင် လုပ်ငန်းစဉ်များကို ဝန်ထမ်းများ၊ မိဘများနှင့် ကျောင်းသား များအား မျှဝေထားပါ။ | |
| | ကျောင်းရှိရေပေးဝေမှု၊ရေ၊ မိလ္လာစနစ် နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက် ချက်ချင်း ရင်းနှီးမြုပ်နှံမှုများမှုများ ပြုလုပ်နိုင်ရန် တုံ့ပြန်မှုနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာဘဏ္ဍာငွေ တို့ကို သတ်မှတ်ပါ။အသုံးအဆောင်နှင့် ဝန်ဆောင်မှု အသုံးစရိတ်များကို သန့်ရှင်းပြီး ရောဂါကင်းစင်သော ကျောင်းများဖြစ်စေရန်နှင့် အရေးပေါ် အစီအစဉ် များ၊ သိုလှောင်ပစ္စည်းများ ဝယ်ယူရေးတို့အတွက် ဦးစားပေးသတ်မှတ်ပါ။<br><br>COVID-19 တုံ့ပြန်ဆောင်ရွက်မှုကို အရေးပေါ်ကာလအတွင်း ကျောင်း အဆောက်အဦများကို အသုံးချမှု | လက်ဆေးခြင်းနှင့် ချောင်းဆိုး/နှာချေ ခြင်း ကဲ့သို့သောအသက်ရှူစနစ်ဆိုင်ရာ လိုက်နာရန် ကျင့်ဝတ်များ အလေးထား လုပ်ဆောင်မှု နှင့်အတူ အဆင့် တိုင်းတွင်နှင့် ကျောင်းရှိ ဝန်ထမ်းများ အားလုံးအတွက် တစ်ကိုယ်ရေ သန့်ရှင်းရေး အလေ့အထများကို မြှင့်တင်ပါ။ | လက်ဆေးဆပ်ပြာ အသုံးပြုခြင်းကို အားပေးပါ။ နိုင်ငံ့အာဏာပိုင်များက သတ်မှတ်ပေးထားသော နေရာများ တွင် အဝတ်နှာခေါင်းစည်းများ မှန်မှန် ကန်ကန် အသုံးပြုခြင်းကို အားပေးပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက် သောသတင်းအချက်အလက်များအား လူနည်းစုတိုင်းရင်းသား ဘာသာစကား၊ သို့မဟုတ် မျက်မမြင်စာ နှင့် ကလေးများ နားလည်လွယ်သော ဘာသာစကားတို့အပါအဝင်လူအများ ထံ ပျံ့နှံ့ရောက်ရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရပါမည်။ |

| | မဖွင့်လှစ်မီဆောင်ရွက်ရန် | ပြန်လည်ဖွင့်လှစ်မှုလုပ်ငန်းစဉ် | ကျောင်းများဖွင့်လှစ်ပြီးနောက် |
|---|---|---|---|
| | (ယာယီ ခိုနားရာဂေဟာ၊ ကျန်းမာရေး အဆောက်အဦ၊ ရောဂါဖြစ်ပွားသူများအား သီးခြားထားရှိရာ နေရာများအဖြစ်) နှင့် ပတ်သက်သော မူဝါဒများကို ပြန်လည် ဆန်းစစ်ရန် အခွင့်အရေး တစ်ရပ်အဖြစ်ကို အကျိုးရှိရှိ အသုံးချပါ။ | | |
| သင်ယူမှုဆိုင်ရာ အလေးဂရုပြုစရာ | ဆရာ၊ဆရာမများနှင့် ကျောင်း စီမံ အုပ်ချုပ်သူများအား အဝေးရောက် သင်ကြား၊သင်ယူရေးနှင့် ကျောင်းများ ပိတ်ထားချိန်တွင် ကျောင်းသားများအား ကူညီပံ့ပိုးပေးနိုင်မည့်နည်းလမ်းများနှင့် ပတ်သက်ပြီး သင်တန်းပေးခြင်း၊ လိုအပ် သည်များ ပံ့ပိုးပေးခြင်းတို့ လုပ်ဆောင် ပါ။ ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းသားမိဘများထံ ဆက်သွယ်ရန် ဖုန်းဘောလ်များ ထည့်ပေးခြင်း၊ မိုဘိုင်းလ်ပလက်ဖောင်းများပေါ်တွင် တူရာအုပ်စုများဖွဲ့ပေးခြင်းတို့ ပါဝင်နိုင်ပါသည်။ | ကျောင်းဝင်ခွင့်ရရန် အတားအဆီးများ ဖယ်ရှားခြင်းနှင့် လိုအပ်ချက်များ လျှော့ချ ခြင်းတို့ဖြင့် အားလုံးပါဝင်သောပညာရေး ရည်မှန်းချက်များနှင့်ကိုက်ညီမှုရှိစေရန် ကျောင်းဝင်ခွင့် မူဝါဒများနှင့် လိုအပ်ချက် များကို ပြန်လည်ပြင်ဆင်ပါ။<br><br>တူညီမှုမှုစံနှုန်းများနှင့် မတူညီသော သင်ယူမှုလမ်းကြောင်းများအတွက် တရားဝင် အသိအမှတ်ပြုမှုတို့ သတ်မှတ် ခြင်း၊ သို့မဟုတ် မွမ်းမံခြင်းလုပ်ဆောင်ပါ။ | အဝေးရောက်သင်ကြားသင်ယူမှုတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ပါ။<br>(၁) အနာဂတ် ကျောင်းထပ်မံ ပိတ်ရနိုင်ခြေ များအတွက် ပြင်ဆင်ရန်၊<br>(၂) ကျောင်း များဆက်လက် ပိတ်ထားရဆဲနေရာများတွင် သင်ကြား၊ သင်ယူမှုများ အားကောင်းစေရန်၊<br>(၃) ကျောင်းများ တစ်စိတ် တစ်ပိုင်းသာဖွင့်နိုင်သေး သော (သို့) ပြင်ဆင်ထားသော အချိန်ဇယားများ အရ သင်ကြားနေရ သော နေရာ များတွင် ပေါင်းစပ်ပုံစံ တစ်ရပ်နှင့် စာသင်ကြားချိန်များကို အစားထိုးရန်။<br><br>ဆရာများ အရည်အချင်း မြှင့်တင်ရေး နှင့် သင်တန်းပေးခြင်းများအတွက် ရန်ပုံငွေများ တိုးမြှင့်ထားရှိမှုလည်း ရှိပါစေ။ |
| | ကွဲပြားခြားနားသော ပြည်သူ့ကျန်းမာ ရေး ဖြစ်နိုင်ခြေများအပေါ်တွင် အခြေခံ ပြီး အဝေးရောက်သင်ယူမှုလည်း လုပ်ဆောင်နိုင်အောင် ထည့်သွင်းစဉ်းစား ထားသည့် စာသင်နှစ်ပြက္ခဒိန်များ ချမှတ်ပါ။ | ကျောင်းသားများ၏ စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ(MHPSS) လိုအပ်ချက် များနှင့် သင်ယူလေ့လာမှု ပြန်လည်ကုစားရေးနှ စ်ခုစလုံးကို ကိုင်တွယ်နိုင်စေရန် ဆရာများအား ပြင်ဆင်ပေးပါ။ သင်တန်းများပေးခြင်းဖြင့် | အရေးကြီးသော စာမေးပွဲများ (အထက်တန်း ပြီးဆုံးခြင်း၊ သို့မဟုတ် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲများ) အား လူချင်း ခပ်ခွာခွာနေခြင်းနှင့် အခြား ကျန်းမာရေး လိုအပ်ချက်များ နှင့်အညီ ဖြစ်စေပြီး မှန်ကန်ညီမျှမှုရှိကာ |

| | မဖွင့်လှစ်မီဆောင်ရွက်ရန် | ပြန်လည်ဖွင့်လှစ်မှုလုပ်ငန်းစဉ် | ကျောင်းများဖွင့်လှစ်ပြီးနောက် |
|---|---|---|---|
| သင်ကြားမှုဆိုင်ရာ အလေ့အကျင့်များ | | (အထူးသဖြင့်)ကျောင်းထွက်နှုန်း ဖြစ်နိုင်ခြေ မြင့်မားသော ကျောင်းများတွင် ကျောင်းသားများ၏ အခြေခံ စာတတ်မြောက်မှု/သင်္ချာတတ်မြောက်မှုနှင့် လူမှု-စိတ်ခံစားမှု ဆိုင်ရာ လိုအပ်ချက်များကို ဆရာများ၏ ဖြည့်ဆည်းပေးနိုင်စွမ်း သိသာ ထင်ရှားစွာ တိုးတက်လာမည် ဖြစ်ပါသည်။<br><br>အသက်အရွယ်အလိုက် အမှုအကျင့်နှင့် သိမှုဆိုင်ရာပြောင်းလဲမှုများကို သတ်မှတ်ဖော်ထုတ်နိုင်ပြီး အသက်အရွယ်နှင့် လျော်ညီသော သင်ကြားသင်ယူမှုများ ပံ့ပိုးပေးနိုင်ရန် ဆရာများကို လေ့ကျင့် သင်ကြားပေးရပါမည်။ | ကျိုးကြောင်း ညီညွတ်မှုရှိသော နည်းလမ်းတစ်ရပ်ဖြင့် ကျင်းပနိုင်စေရေး အာရုံစိုက်လုပ်ဆောင်နိုင်ရန် အတွက် အတန်းတင် စာမေးပွဲများ ကဲ့သို့သော အရေးသိပ်မကြီးသည့် စာမေးပွဲများကို လျှော့ချကျင်းပရန် စဉ်းစားသုံးသပ်ပါ။<br><br>ကျောင်းပိတ်ပြီးနောက် ပြန်လည် ကုစားသင်ကြားခြင်းများလုပ်ဆောင်နိုင်ရန် ကျောင်းသားများ၏ လေ့လာ သင်ယူမှု အဆင့်များကို အကဲဖြတ်ပါ။ ဖြစ်နိုင်သည့် အခါတိုင်းတွင် တစ်တန်းလုံး အတန်းတင်ပေးခြင်းမျိုး လုပ်ဆောင်ရန် စဉ်းစားကြည့်ပါ။ |
| | ပုဂ္ဂလိကပညာရေးကဏ္ဍအပေါ် သက်ရောက်မှုများကို လေ့လာ အကဲဖြတ်ပြီး အစိုးရ၏ထောက်ပံ့မှု၊ ပုဂ္ဂလိက ထောက်ပံ့မှုအတွက် ပြည်သူ့ဘဏ္ဍာအသုံးပြုမှုတို့ကို ချဲ့ထွင်ခြင်း၊ သို့မဟုတ် သင့်လျော်သလို တုံ့ပြန်ဆောင်ရွက်မှုများ အပါအဝင် ဖြစ်နိုင်ဖွယ်ရှိသော တုံ့ပြန်ဆောင်ရွက်မှုများကို စဉ်းစားပါ။ | ကျောင်းများ ပိတ်ထားပြီးနောက် သင်ယူလေ့လာမှု မညီမျှခြင်းများကို ကာကွယ်ရန်နှင့် သင်ယူခွင့် ဆုံးရှုံးခြင်းတို့ကို လျှော့ချရန် ပြန်လည်ကုစားသင်ကြားရေး အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည် ဖော်ပါ။ မသန်စွမ်းကလေးငယ်များ ပါဝင်လေ့လာသင်ယူနိုင်စေမည့် နေရာထိုင်ခင်း အစီအမံများနှင့် မူလတန်းအရွယ် ကလေးများအတွက်စာရေးစာဖတ်နှင့် ဂဏန်းသင်္ချာ တတ်မြောက်ရေးတို့ကို အဓိကထားပေးပါ။<br><br>ယခင်ကျောင်းထွက်ထားသော၊ သို့မဟုတ် အရွယ်လွန်ကလေးများကိုပါ အတူတကွ ထည့်သွင်းသင်ကြားနိုင်ရန် အရှိန်မြှင့်တင် ပညာရေးပုံစံများကိုလည်း အပြိုင် အကောင်အထည်ဖော်နိုင်ပါသည်။ | ဆရာများအား တီထွင်ဖန်တီးမှုရှိသော နည်းလမ်းများဖြင့် ပံ့ပိုးပေးပါ။ ဥပမာ အွန်လိုင်းအခြေပြု ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပြခြင်း၊ သို့မဟုတ် ပိုမိုလျင်မြန်သည့်နှုန်းထားဖြင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်အောင် ကူညီပေးရန် နည်းပြများကိုအသုံးပြုခြင်းတို့ ကဲ့သို့သော နည်းလမ်းများဖြစ်သည်။ ဤသင်တန်းနှင့် ကျွမ်းကျင်မှု တည်ဆောက်ခြင်းများကို ပုံမှန် ဆရာလုပ်ငန်းခွင် အကြိုနှင့် လုပ်ငန်းခွင် အတွင်း သင်တန်းများ တွင်လည်း ပေါင်းစပ် သင်ကြားလေ့ကျင့်နိုင်ပါသည်။ |

| | မဖွင့်လှစ်မီဆောင်ရွက်ရန် | ပြန်လည်ဖွင့်လှစ်မှုလုပ်ငန်းစဉ် | ကျောင်းများဖွင့်လှစ်ပြီးနောက် |
|---|---|---|---|
| နေထိုင်မှု အဆင်ပြေရေးနှင့် အကာအကွယ် ရှိရေး | | ကပ်ရောဂါဘေးကာလ ဆက်လက်ဖြစ်ပေါ်နေသော မသေချာ မရေရာမှုများကြောင့် ကလေးများနှင့် ယင်းတို့၏မိသားစုများခံစားရသော စိတ်ဝေဒနာများကို ကူညီ ဖြေရှင်း ပေးနိုင်ပြီး ချိုယွင်းမှု /ခွဲခြားဆက်ဆံမှုတို့ကိုလည်း ဖြေရှင်းပေးနိုင်သည့် စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုဝန်ဆောင်မှုများ ပေးခြင်းကိုတိုးမြှင့်ပါ။ | ကျောင်းသားများနှင့် ၄င်းတို့၏ မိသားစုဝင်များကို သာမက ဆရာ၊ ဆရာမများနှင့် အခြားကျောင်းဝန်ထမ်းများကိုပါ COVID-19 အကြောင်း ရှင်းလင်း၊ တိကျပြီး တိုတိုနှင့်ထိမိသော သတင်းအချက်အလက်များကိုမျှဝေပါ၊ ထိတ်လန့်မှုနှင့် စိုးရိမ်မှု များဖြစ်ပေါ်စေသော သတင်းစကားများကို လက်ခံနိုင်အောင်ရှင်းပြပြီး တစ်ကိုယ်ရေဂရုစိုက်မှု နည်းလမ်းများအားပိုမိုသိရှိလာအောင် ပြောပြပေးပါ။ |
| | ဆရာ၊ဆရာမ များ၏လုပ်ခလစာကို အချိန်မီစဉ် ဆက်မပြတ် ပေးချေနိုင်ပါစေ။စာချုပ်သက်တမ်းကုန်ဆုံးလုနီးပါးဖြစ် နေသော ဆရာ၊ ဆရာမများအား ပေးချေနိုင်ရန်အထူးအာရုံစိုက်ပါ။ သို့မှသာ ဆရာများအလုပ်လုပ်ရာတွင် စိတ်မပါလက်မပါဖြစ်မှုကို လျှော့ချနိုင်ပြီး ၄င်းတို့၏ ကျန်းမာပျော်ရွှင်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။ | ဆရာ၊ဆရာမများနှင့် အခြားဝန်ထမ်းများအတွက် အသက်အရွယ်၊ နာတာရှည်ရောဂါရှိမှုအခြေအနေနှင့် အခြားသော အန္တရာယ်ရှိနိုင်ခြေအချက်များအပေါ် မူတည်၍ ဘေးအန္တရာယ်ရှိနိုင်ခြေ အကဲဖြတ်ချက်တစ်ရပ် ပြုလုပ်ပါ။ ထို့နောက် ၄င်းတို့ကျောင်းသို့ ပြန်လည်လာရောက်တာဝန်ထမ်းဆောင်ရာတွင် အချင်းချင်း ကျောင်းတွင် အချိန်အတူတူ ရှိမနေအောင် ရှောင်လွှဲထားသော အချိန်ဇယားရေးဆွဲမှုနည်းလမ်းတစ်ရပ်ကို ဖော်ဆောင်ပါ။. | ညွှန်းပို့သည့် စနစ်များကို ပြန်လည်သုံးသပ်ပြီး အားကောင်းအောင် ပြုလုပ်ပါ။ အထူးသဖြင့် ပြင်းထန်သည့် ကိစ္စရပ်များ တွင် ဖြစ်သည်။ ကျား/မအခြေပြုအကြမ်းဖက်မှု/ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု၊ အလွဲသုံးမှု ဆိုင်ရာကူညီ ဖြေရှင်းပေးသော ဝန်ဆောင်မှုများနှင့် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများအပါအဝင် အခြားသော ကူညီစောင့်ရှောက်မှု ဝန်ဆောင်မှုများကို ထောက်ပံ့မှု ပေးသူတိုင်းက သိရှိထားရပါမည်။ |
| | | မဖြစ်မနေပေးရမည့် ဝန်ဆောင်မှုများကို ပုံမှန်၊ဘေးကင်းစွာပေးအပ်နိုင်အောင် ပြန်လည်ဆောင်ရွက်ပါ။ ထိုသို့ ဆောင်ရွက်ရာတွင် အရေးကြီးသော အာဟာရတိုက်ကျွေးမှု၊ ကျောင်းတွင်း အစားအစာကျွေးမွေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ၊ ရေ/မိလ္လာ နှင့်တစ်ကိုယ်ရေသန့်ရှင်းမှု (WASH) နှင့် ကျန်းမာရေးဝန်ဆောင်မှုများ၊ ထပ်ဆင့်လုပ်ဆောင်မှုများ (စိတ်ကျန်းမာရေး နှင့် စိတ်ပညာဆိုင်ရာပံ့ပိုးမှု၊ ကျား/မ အခြေပြုအကြမ်းဖက်မှု၊ ညှဉ်းပမ်းမှု၊ | ကျောင်းတွင်း ဝန်ဆောင်မှု မရရှိနိုင်သောနေရာများတွင် လူငယ်များနှင့် ရင်းနှီးလွယ်ပြီး အပြည့်အဝရရှိနိုင်သော လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာဝန်ဆောင်မှုများ အပါအဝင် ညွှန်းပို့သည့် စနစ်များကို အားကောင်းအောင် လုပ်ဆောင်ပါ။ |

| | မဖွင့်လှစ်မီဆောင်ရွက်ရန် | ပြန်လည်ဖွင့်လှစ်မှုလုပ်ငန်းစဉ် | ကျောင်းများဖွင့်လှစ်ပြီးနောက် |
|---|---|---|---|
| | | အစရှိသည်ဖြင့်) ကို ကာကွယ်ခြင်း နှင့် မသန်စွမ်းကလေးငယ်များအတွက် အထူးပြုဝန်ဆောင်မှုများ တို့ပါဝင်နိုင်ပြီး ထို့ထက်မကသော လုပ်ငန်းများလည်း ပါဝင်နိုင်ပါသည်။ | |
| ဂရုပြုခံရမှု အနည်းဆုံး ကလေးငယ်များထံ ရောက်ရှိရေး | အကျပ်အတည်း ဆိုက်ရောက်မှု အပြင်းထန်ဆုံးကျောင်းများအား တိုက်ရိုက် ပညာရေး ရန်ပုံငွေ ထောက်ပံ့ပါ။ ဥပမာ-ဂရုစိုက်ခံရမှု အနည်းဆုံး နေရာများကို ဦးစားပေးသောပုံသေနည်းအခြေပြု ရန်ပုံငွေ ထောက်ပံ့ခြင်း နည်းလမ်းဖြင့် ထောက်ပံ့ခြင်းမျိုးဖြစ်သည်။ လက်တွေ့ ဆောင်ရွက်ရာတွင် ကျောင်းသားများ ထံပေးအပ်သော (စံနှုန်းသတ်မှတ်၍ ဖြစ်စေ (သို့) စံနှုန်း မသတ်မှတ်၍ ဖြစ်စေ) ကျောင်းထောက်ပံ့ကြေးနှင့် ငွေလွှဲခြင်းများကို ထည့်သွင်း စဉ်းစားထားပါ။. | ကျောင်းပြန်လည်အပ်နှံမှုနှုန်း အမြင့်ဆုံး ဖြစ်စေရန်အတွက် ကျောင်းလခနှင့် အခြားစရိတ်များ (ကျောင်းဝတ်စုံကြေး၊ စသည်..) တို့ကို ဖြစ်နိုင်သမျှလျှော့ချပြီး ကျောင်းအပ်ရာတွင်ကြုံတွေ့ရနိုင်သည့် အခြားအတားအဆီးများကိုလည်း ဖယ်ရှားပါ။ | နာလန်ထူရန်လိုအပ်ချက်အသစ်များကို ပံ့ပိုးပေးနိုင်ရန် ငွေကြေးထောက်ပံ့မှုကို ဦးစားပေးပါ။အထူးသဖြင့် ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသားများ အတွက် ထောက်ပံ့ပေးနိုင်ရန်ဖြစ်ပါသည်။ ယင်းအတွက် နည်းလမ်းတစ်ရပ်မှာ လူတစ်ဦးချင်းစီ ထောက်ပံ့ပေးရာတွင် စွမ်းဆောင်ရည်အခြေပြုဆုံးဖြတ်မှုများ ကို ခေတ္တထည့်သွင်းတွက်ချက်မှု မပြုခြင်း၊ သို့မဟုတ် ယာယီ ပြင်ဆင်ခြင်း တို့ ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ပြီးမြောက် အောင်မြင်မှု မရှိခြင်း၊ သို့မဟုတ် ကိုက်ညီမှု မရှိခြင်းကြောင့် ထောက်ပံ့ငွေ ဖြတ်တောက်ခံရ ခြင်းများကိုကာကွယ်နိုင်ပြီး ငွေကြေးဆက်လက် ထောက်ပံ့ နိုင်စေမည် ဖြစ်ပါသည်။ |
| | ကျောင်းပြန်ဖွင့်ရေးမူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများ ကို ယခင် ကျောင်း မနေရသော ကလေးများ၊ အိုးအိမ်စွန့်ခွာ/ရွှေ့ပြောင်းကလေးများ နှင့် လူနည်းစုတိုင်းရင်းသားများ ကဲ့သို့ သော ဂရုပြုခံရမှုနည်းပါးသည့် | လူမှုအသိုင်းအဝိုင်းအတွင်း ပူးပေါင်းလုပ်ဆောင်မှု တိုးမြှင့်ခြင်းဖြင့် မိန်းကလေးများကျောင်းပြန်တက်လာစေ ရန် ပံ့ပိုး ပေးသည့် သီးခြားအစီအမံများ လုပ်ဆောင်ပါ။ | သင်ယူမှု ပစ္စည်းများ/ ပလက်ဖောင်း များ၊ သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများနှင့် အထောက်အကူပြု ပစ္စည်းများမှာ မသန်စွမ်းပုဂ္ဂိုလ်များပါ အသုံးပြုနိုင်ကြောင်း သေချာပါစေ။ ပြည်သူ့ကျန်းမာရေး သတင်း အချက် |

| | မဖွင့်လှစ်မီဆောင်ရွက်ရန် | ပြန်လည်ဖွင့်လှစ်မှုလုပ်ငန်းစဉ် | ကျောင်းများဖွင့်လှစ်ပြီးနောက် |
|---|---|---|---|
| ဂရုပြုခံရမှု အနည်းဆုံး ကလေးငယ်များထံ ရောက်ရှိနိုင်မှု | အုပ်စု များ လက်လှမ်းမှီအောင် ချဲ့ထွင် ချမှတ်ပါ။ အရေးကြီးသော ပြောဆို ဆက်သွယ်မှုများနှင့် အခြား ဒေသများသို့ အကူအညီပေးခြင်း တို့တွင် သက်ဆိုင်ရာ ဘာသာစကားများ အသုံးပြုခြင်း၊ ပုံစံအမျိုးမျိုးဖြင့် ရောက်ရှိစေ ခြင်းနှင့် ရည်ရွယ်ရာ အသိုင်းအဝိုင်း၏ လူဦးရေ နှင့် ကိုက်ညီစေခြင်းတို့ဖြင့် တစ်ခု ထက်မကသော နည်းလမ်းများဖြင့် လုပ်ဆောင်ပါ။<br><br>မိန်းကလေးများနှင့် အခြားဂရုပြုခံရမှု နည်းပါးသော အုပ်စုများမှာ ကျောင်း ပြင်ပရောက်ရှိလျက်ရှိချိန်တွင် လူမှု အသိုင်းအဝိုင်း၏ ပူးပေါင်းဆောင်ရွက်မှု နှင့်လွှဲပြောင်းမှုစနစ် တိုးတက်စေခြင်း တို့မှတစ်ဆင့် အကာအကွယ်ပေးမှု အန္တရာယ်များကိုလျှော့ချနိုင်မည့် တိကျသောအစီအမံများကို ဖော်ဆောင်ပါ။ | | အလက်များနှင့် ဆက်ဆံရေးတို့ကို အကြားအာရုံ၊ သို့မဟုတ် အမြင်အာရုံ ချို့တဲ့သူများအပါအဝင် လူတိုင်း ရယူ အသုံးပြုနိုင်မည့် ပုံစံအမျိုးမျိုးဖြင့် ရရှိနိုင်အောင် ဆောင်ရွက်ထားရ ပါမည်။<br><br>ရေ၊ တစ်ကိုယ်ရေ သန့်ရှင်းမှု၊ ရေသန့်ပေးဝေမှု နှင့် မိလ္လာစနစ် ဆိုင်ရာဝန်ဆောင်မှုများ ရရှိကြောင်း သေချာစေရန် ပြင်ဆင်မွမ်းမံမှုများ လုပ်ဆောင်ရပါမည်။ အကယ်၍ ကျောင်းများပြန်ပိတ်ရပါက အထောက် အကူပြု ဝန်ဆောင်မှုများ ဆက်လက် ပေးအပ်နိုင်ရန် စီစဉ်ပါ။ |

## Related Guidance

Several supplementary resources and tools are available or in development to underpin this framework. This list will be updated regularly.

WFP, FAO, UNICEF, Mitigating the effects of the COVID-19 pandemic on food and nutrition of schoolchildren https://www.wfp.org/publications/mitigating-effects-covid-19-pandemic-food-and-nutrition-schoolchildren

UNESCO, COVID 19 Education Response – Education Issue Note N° 7.1 – April 2020 https://en.unesco.org/covid19/educationresponse

UN Special Rapporteur on the right to adequate housing, COVID-19 Guidance Note Protecting Residents of Informal Settlements https://unhabitat.org/sites/default/files/2020/04/guidance_note_-_informal_settlements_29march_2020_final3.pdf

World Bank resources on education during COVID-19 landing page: https://www.worldbank.org/en/data/interactive/2020/03/24/world-bank-education-and-covid-19

## References

IASC, Guidance on COVID-19 Prevention and Control in Schools https://www.unicef.org/reports/key-messages-and-actions-coronavirus-disease-covid-19-prevention-and-control-schools

United Nations, Policy Brief: The Impact of COVID-19 on children 15 APRIL 2020 https://www.un.org/sites/un2.un.org/files/policy_brief_on_covid_impact_on_children_16_april_2020.pdf

World Bank, We should avoid flattening the curve in education – Possible scenarios for learning loss during the school lockdowns, https://blogs.worldbank.org/education/we-should-avoid-flattening-curve-education-possible-scenarios-learning-loss-during-school?CID=WBW_AL_BlogNotification_EN_EXT)

World Bank, The COVID-10 Pandemic: Shocks to Education and Responses, Draft Paper

World Health Organization, Considerations in adjusting public health and social measures in the context of COVID-19 Interim guidance 16 April 2020 https://apps.who.int/iris/bitstream/handle/10665/331773/WHO-2019-nCoV-Adjusting_PH_measures-2020.1-eng.pdf

World Health Organization, Non-pharmaceutical public health measures for mitigating the risk and impact of epidemic and pandemic influenza (2019) https://www.who.int/influenza/publications/public_health_measures/publication/en/

World Health Organization, Reducing transmission of pandemic (H1N1) 2009 in school settings https://www.who.int/csr/resources/publications/reducing_transmission_h1n1_2009.pdf

United Nations
Educational, Scientific and
Cultural Organization

unicef
for every child

THE WORLD BANK

WFP
World Food
Programme